ABSDF
All Burma Students' Democratic Front

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး – မကဒတ (ကျောင်းသားတပ်မတော်)
ဗဟိုကော်မတီ ဌာနချုပ် (ဒေါင်းဂွင်)

ထုတ်ပြန်ကြေငြာချက် အမှတ် (၁/၂၀၁၀)
ရက်စွဲ ၂၀၁၀ခုနှစ် မတ်လ ၃၀ ရက်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၁၀ခုနှစ် မတ်လ ၂၉ ရက်နေ့ အစည်းအဝေးက “မတရားသည့် ဥပဒေများအောက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခြင်းပြုလုပ်မည်မဟုတ်”ဟူသော ဆုံးဖြတ်ချက်နှင့်ပါတ်သက်၍ မိမိတို့ မကဒတ (ကျောင်းသားတပ်မတော်)က အောက်ပါအတိုင်း သဘောထားထုတ်ပြန်လိုက်သည်။

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် လက်ရှိ နိုင်ငံရေးအခြေအနေကို မှန်မှန်ကန်ကန်နားလည် သဘောပေါက်ပြီး တိုင်းပြည်နှင့် လူထုအပေါ်ထားရှိသည့် စေတနာနှင့် သစ္စာစောင့်သိမှုကို ဖော်ပြလိုက်ခြင်းဖြစ်သည်။

၂။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အနိုင်အမာဆက်လက်ကိုင်စွဲကာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်၊ အသိအမှတ်မပြုလိုက်ခြင်းဖြစ်၍ လူထုရှေ့မှ မားမားမတ်မတ် တည်ကြည်စွာ ဆက်လက် တိုက်ပွဲဝင်မည့် တိုက်ပွဲဝင်စိတ်ဓါတ်ကို တိတိပပ ဖော်ပြလိုက်ခြင်းလည်း ဖြစ်သည်။

၃။ ထို့ပြင် ၂၀၁၀ရွေးကောက်ပွဲသည် စစ်အာဏာရှင်စနစ်အား တရားဝင် သက်ဆိုးရှည် တည်တံ့စေမည့် စစ်အုပ်စု၏ ဘိတ်သိက်ခံယူပွဲဖြစ်သဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အပါအဝင် ဒီမိုကရေစီအင်အားစုများ၊ စစ်အာဏာရှင် ဆန့်ကျင်ရေး လှုပ်ရှားမှုများနှင့် ထိပ်တိုက်ရင်ဆိုင်ရတော့မည့် ကာလလည်းဖြစ်သည်။ ထိပ်တိုက်ရင်ဆိုင်ရေးလမ်းကြောင်းကို ရွေးချယ်သူမှာ စစ်အုပ်စုသာဖြစ်ပြီး ၎င်းတို့တွင်သာ တာဝန်ရှိသည်ဟု မှတ်ယူသည်။

၄။ နိဂုံးချုပ်အားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ယခုဆုံးဖြတ်ချက်သည် စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ ဒီမိုကရေစီရေးနှင့် အနာဂါတ် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ သွေးစည်းညီညွတ်ရေးတို့အတွက် အဓိပ္ပါယ်ရှိစွာ အထောက်အကူပြုပြီး မှန်ကန်သည့် နိုင်ငံရေးဆုံးဖြတ်ချက်ဖြစ်သဖြင့် တိုင်းရင်းသား ပြည်သူလူထု တရပ်လုံးနှင့်အတူ နိုင်ငံရေးပါတီများ၊ လက်နက်ကိုင် အဖွဲ့အစည်းများ၊ ဒီမိုကရေစီရေးအင်အားစုများအားလုံးအနေဖြင့်လည်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် လက်တွဲပူးပေါင်း တိုက်ပွဲဝင်သွားကြရန် ထုတ်ပြန်ကြေငြာလိုက်သည်။

ဗဟိုကော်မတီ
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး – မကဒတ (ကျောင်းသားတပ်မတော်)